**ရှမ်းလူ့အခွင့်ရေးမဏ္ဍိုင် နှင့် ရှမ်းလယ်သမားများကွန်ယက် တို့မှစုပေါင်းထုတ်ပြန်ကြေငြာချက်**

**အောက်တိုဘာလ ၁၄ ရက်နေ့ ၂၀၁၅ ခုနှစ်**

**ရှမ်းပြည်အရှေ့ပိုင်း နားဟိုင်းလုံဒေသရွှေတူးဖော်ရေးလုပ်ငန်းမှ လုံခြုံရေးစစ်သားများ ရွာသားများအား ပစ်ခတ်မှုကိုတရားစွဲအရေးယူရန်**

အောက်တိုဘာလ ၁၃ ရက် ယမန်နေ့က ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့မိုင်းလင်းကျေးရွာ နားဟိုင်းလုံဒေသရှိ ရွှေတူးဖော်ရေးလုပ်ငန်းအား လုံခြုံရေးယူပေးသည့် အစိုးရစစ်တပ်က ရွာသားများအား ပစ်ခတ်ရာတွင် ရွာသား(၁)ဦးသေဆုံးပြီး(၅)ဦးဒဏ်ရာရရှိ သဖြင့် ကျနော်တို့ ရှမ်း လူ့အခွင့်ရေး မဏ္ဍိုင်နှင့် ရှမ်းလယ်သမားများ ကွန်ယက်မှ အရေးယူပေးရန် သက်ဆိုင်ရာတာဝန်ရှိလူကြီးမင်း များအား တောင်းဆိုသည်။

အောက်တိုဘာလ ၁၃ ရက်နေ့ ၂၀၁၅ ခုနှစ် တာချီလိတ်မြို့မိုင်းလင်းကျေးရွာ နားဟိုင်းလုံရွာမှ ရွာသူ၊ရွာသား အယောက် ၂၀ တို့သည် လယ်ယာမြေစိုက်ပျိုးရန် ချောင်းရေမဆင်းသဖြင့် အရင်းအမြစ်သိရအောင် လွိုင်ခမ်းလုံကုမ္ပဏီ ရွှေတူးဖော်နေသည့် တောင်သို့ကြည့်ရှုရန် တက်ခဲ့သည်။

လွယ်ခမ်းလုံကုမ္ပဏီမှ ရွှေတူးဖော်နေသည့်နေရာမှ ရေဆိုးရေညစ်တို့သည်လယ်ယာမြေမြောက်များ စွာကို ပျက်စီးဆုံးရှုံးစေခဲ့သည့်အပြင် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးကိုပါ ဆိုးရွားစွာ ထိခိုက် စေခဲ့သည်။ ဒေသခံရွာသူ ၊ရွာသားများတင်ပြတောင်းဆိုမှုကြောင့် ဇူလိုင်လ ၂၀၁၄ ခုနှစ်ကရှမ်းပြည်န ယ်အ စိုးရသစ်တော နှင့် သတ္တုတွင်းဝန်ကြီး ဦးစိုင်းအိုက်ပေါင်း၏ အမိန့်ဖြင့် ရွှေတူးဖော်ရေး ကုမ္ပဏီက ရွှေတူးဖော်ရေးကို ရပ်ဆိုင်း ရန်သဘောတူခဲ့သည်။ သို့သော် ခေတ္တသာ ရပ်ဆိုင်း ပြီးယနေ့တိုင် ဆက်လက်တူးဖော်နေဆဲဖြစ် ပါသည်။

ဒေသခံရွာသူ၊ရွာသားတို့သည် လွိုင်ခမ်းလုံကုမ္ပဏီ၏ ရွှေတူးဖော်နေသည့် တောင်ပေါ် တို့ရောက်ရှိ သွားချိန် ကုမ္ပဏီမန်နေဂျာနှင့်တွေ့ဆုံဆွေးနွေးရန် ကြိုးစားတောင်းဆိုခဲ့သည်။သို့ရာတွင်မန်နေဂျာမှာ ရွာသားများနှင့် တွေ့ဆုံရန် လက်မခံဘဲ ထိုအနီးတွင်အခြေစိုက်သည့် အစိုးရစစ်တပ် ခမရ ၃၃၀ ကို ခေါ် ယူပြီးရွာသား များအားခြိမ်းခြောက်ခဲ့သည်။

ရွာသူ၊ရွာသားမှာမှာ ဗမာစစ်သား အယောက် (၂၀) ရောက်ရှိလာသည်ကို မြင်တွေ့ရစဉ် ထိုနေရာမှ ဆုတ်ခွာခဲ့သည်။ ရွာသားများ ထိုနေရာနှင့်မလှမ်းမကမ်းအရောက်တွင် ဗမာစစ်သားများ ကသေ နတ်ဖြင့် ပစ်ခတ်ခဲ့သည်။ သေနတ်သံကြောင့်ရွာသားများ လန့်ဖြန့်ထွက်ပြေးစဉ် အသက်(၅၀) ရှိ စိုင်းဆမ်သည် သေနတ်ထိမှန်ပြီး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ဦးဆမ်မှာသေနတ်ဒဏ်ရာ ဖြစ်မိုင်းဖြတ်ဆေးရုံတွင်သေဆုံးခဲ့သည်။

ထို့အပြင်လုံးဖတ်၊စိုင်းလာ၊စိုင်းဆမ်၊စိုင်းနွံနှင့်လုံးအင်းတို့မှာလည်းတောင်ကမ်းပါးယံမှပြုတ်ကျသဖြင့် ဒဏ်ရာကိုယ်စီရရှိခဲ့သည်။ လုံးအင်းမှာ တာချီလိတ်ဆေးရုံတွင် ဆေးကုသမှုခံဆဲဖြစ်သည်။

လက်နက်မဲ့ ရွာသူ၊ရွာသားတို့မှာ ၄င်းတို့ဒေသ၏ သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ရန်ကြိုးစားစဉ် စားဝတ် နေရေးပြဿနာအား ဖြေရှင်းရန်ကြိုးစားစဉ်  ပစ်ခတ်မှုခံရသဖြင့် ကျနော်တို့ဘက်မှ အလွန်အမင်းစိုးရိမ် နေပါသည်။

ယခုကဲ့သို့ ရွာသားများအား စစ်တပ်မှ ပစ်ခတ်တိုက်ခိုက်နေမှုကို ပြင်းပြင်းထန်ထန်အရေးယူပေးပါရန် အစိုးရဘက်မှသက်ဆိုင်ရာ အာဏာပိုင်များအား ကျနော်တို့ တောင်းဆိုလိုက်သည်။

ထို့ကြောင့် ရွာသားများအား ဒုက္ခရောက် နစ်နာစေသည့် ရွှေတူးဖော်မှုကို ချက်ချင်းရပ်တန့်ပေးရန် နှင့် ရွာသားများ၏ ထိခိုက်နစ်နာမှုအတွက် ယမန်နှစ်က ပေးခဲ့သည့်ကတိအတိုင်း ကုမ္ပဏီများဘက်မှ လျော်ကြေး အပြည့်အဝပေးဖို့အတွက် အာဏာပိုင်များဘက်မှထိရောက်စွာဆောင်ရွက်ပေးရန် တောင်းဆိုလိုက်ပါသည်။

ဆက်သွယ်ရန်။

| | | |
|---|---|---|
| နန်းလ | (+၉၅) ၀၉၄-၉၂၅-၇၁၉၄ | ရှမ်း၊ ဗမာ |
| စိုင်းနွံ | (+၉၅) ၀၉၂-၅၀၈-၄၁၆၁၇ | ရှမ်း၊ ဗမာ |
| စိုင်းပေါ်ရှဲန် | (+၆၆) ၀၆၂-၉၄၁-၉၆၀၀ | ရှမ်း၊ အင်္ဂလိပ် |
| စိုင်းခွန်းမိုင် | (+၆၆) ၀၉၄-၆၃၈-၆၇၅၉ | ဗမာ၊ အင်္ဂလိပ် |